REPUBLIC OF THE UNION OF MYANMAR

REVENUE STAMP

**" Matador အမှတ်တံဆိပ် Lubricant(အင်ဂျင်ဝိုင်)များ ရောင်းချပေးရန်အတွက် ယုံကြည်စွာအပ်နှံခြင်းဆိုင်ရာ နှစ်ဖက်သဘောတူစာချုပ်"**

**စာချုပ်အမှတ်-DLD-PO-2024 / 06 / 011**

နေ့စွဲ ။ ။ ၂၀၂၄ ခုနှစ်၊ ဇွန် လ ( ၂၀ )ရက်။

---------တောင်ကြီး--------- မြို့နယ်။

ရောင်းချသူ ။ ။ People Origin Co., Ltd. (UMG Group of Companies Limited) (ကိုယ်စား)
(ပထမတစ်ဖက်) ဦးဇော်မင်းမြတ်(၁၂/မရက(နိုင်)၁၁၄၄၁၁)
အမှတ်(၁၉၄၇/ဘီ)၊ ဗိုလ်ချုပ်လမ်း၊ ရန်ကုန်-ပုသိမ်လမ်းမကြီး၊
လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

နှင့်

ဝယ်ယူသူ ။ ။ ဦးအုန်းမောင်(၁၃/တကန(နိုင်)၁၃၈၃၇၄)
(ဒုတိယတစ်ဖက်) "မဒီနာ" (ဆိုင်ကယ်အပိုပစ္စည်းနှင့် အင်ဂျင်ဝိုင်အမျိုးမျိုးဖြန့်ချိရောင်းဝယ်ရေး)
အမှတ်(၉၆) ၊ စပ်စံထွန်းလမ်း၊ မြို့မရပ်ကွက်၊
တောင်ကြီးမြို့နယ်၊ ရှမ်းပြည်နယ်၊ ဖုန်း-၀၉-၄၁၀၀၇၂၈၈၀။

(အထက်အမည်ပါ ရောင်းချသူ(ပထမတစ်ဖက်) People Origin Co., Ltd. (UMG Group of Companies Limited) ဟုဆိုရာတွင် ကုမ္ပဏီနှင့်တကွ ဒါရိုက်တာအဖွဲ့ဝင်များ၊ ဒါရိုက်တာအဖွဲ့၏အစည်းအဝေးဆုံးဖြတ်ချက်အရ တာဝန်ပေးအပ်ခြင်းခံရသူများ၊ ကိုယ်စားလှယ်များ၊ လွှဲအပ်ခြင်းခံရသူများ အကျုံးဝင်ကြောင်းနှင့် ဝယ်ယူသူ(ဒုတိယတစ်ဖက်) ဦးအုန်းမောင်၊ "မဒီနာ" (ဆိုင်ကယ်အပိုပစ္စည်းနှင့် အင်ဂျင်ဝိုင်အမျိုးမျိုးဖြန့်ချိရောင်းဝယ်ရေး)ဟုဆိုရာတွင် ၎င်းကိုယ်တိုင်နှင့်တကွ၊ ၎င်း၏ အမွေစားအမွေခံများ၊ ကိုယ်စားလှယ်များ၊ လွှဲအပ်ခြင်းခံရသူများပါ အကျုံးဝင်ကြောင်း နားလည်သဘောပေါက်ကြပါသည်။)

၁။ (ဒုတိယတစ်ဖက်) ဦးအုန်းမောင်သည် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ မြို့မရပ်ကွက်၊ စပ်စံထွန်းလမ်း၊ အမှတ်(၉၆)တွင် "မဒီနာ"(ဆိုင်ကယ်အပိုပစ္စည်းနှင့် အင်ဂျင်ဝိုင်အမျိုးမျိုးဖြန့်ချိရောင်းဝယ်ရေး)ကို လုပ်ကိုင်ဆောင်ရွက်နေသူဖြစ်ကြောင်း သိရှိရပြီး၊ (ဒုတိယတစ်ဖက်) ဦးအုန်းမောင်သည် (ပထမတစ်ဖက်) People Origin Co., Ltd. (UMG Group of Companies Limited)မှ ရောင်းချသော Matador Lubricant (MCO-Motor Cycle Oil)များကို ကိုယ်စားလှယ်အဖြစ် မိမိထံ အပ်နှံရောင်းချစေလိုကြောင်း၊ အဆိုပါ Matador Lubricant များကို မိမိထံသို့ ပေးပို့သည့်နေ့ရက်မှ (၃၀)ရက်အတွင်း အရောင်းတန်ဖိုးငွေများကို အပြေအကြေပေးချေမည်ကို နှစ်ဖက်သဘောတူညီကြပါသည်။

၂။ People Origin Co., Ltd. (UMG Group of Companies Limited)သည် ဦးအုန်းမောင်၏ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ မြို့မရပ်ကွက်၊ စပ်စံထွန်းလမ်း၊ အမှတ်(၉၆)မှ Matador Lubricant များကို တောင်ကြီးမြို့နယ်အတွင်း ဖြန့်ဖြူးရောင်းချရန် နှစ်ဖက်သဘောတူညီကြပါသည်။

စာမျက်နှာ - ၂ - သို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
၁၀၀ကျပ် ငွေတစ်ရာကျပ် K 100



၃။ ဦးအုန်းမောင်သည် People Origin Co., Ltd. (UMG Group of Companies Limited)ထံမှ Matador Lubricant များကို တစ်လလျှင် အနည်းဆုံးလီတာ(MCO) လီတာ(၄၈၀) ပုံမှန်ရောင်းချပေးမည်ဖြစ်ပါသည်။ လုပ်ငန်းကာလ (တစ်)နှစ် အတွင်း ဦးအုန်းမောင်မှ နှစ်ဖက်သဘောတူသတ်မှတ်ထားသည့်စံချိန် အင်ဂျင်ပိုင်(၅,၇၆၀)လီတာပြည့်မီအောင် ရောင်းချနိုင်ပါက Additional (၂)ရာခိုင်နှုန်း အကျိုးခံစားခွင့်ရရှိမည်ဖြစ်ပါသည်။

၄။ ဦးအုန်းမောင်သည် People Origin Co., Ltd. (UMG Group of Companies Limited)ထံမှ မိမိမှာယူထားသော Matador Lubricant များကို အရောင်းဘောင်ချာဖွင့်သည့်နေ့မှစ၍ ရက်(၃၀)ပြည့်မြောက်သည့်နေ့တွင် အင်ဂျင်ပိုင်အရောင်း တန်ဖိုးငွေများကို ကုမ္ပဏီသို့ မပျက်မကွက် တစ်လုံးတစ်ခဲတည်း အပြည့်အဝအပြေအကြေပေးချေမည်ဖြစ်ပါသည်။ ဦးအုန်းမောင်မှ ပထမမှာယူထားသော အင်ဂျင်ပိုင်များ၏ တန်ဖိုးငွေများကို People Origin Co., Ltd. (UMG Group of Companies Limited)သို့ အပြေအကြေပေးချေပြီးမှသာ နောက်ထပ်အင်ဂျင်ပိုင်များကို မှာယူရောင်းချရန် နှစ်ဖက်သဘောတူညီကြပါသည်။

၅။ People Origin Co., Ltd. (UMG Group of Companies Limited)သည် ဦးအုန်းမောင် မှာယူထားသော Matador Lubricant များကို ဦးအုန်းမောင်၊ "မဒီနာ" (ဆိုင်ကယ်အပိုပစ္စည်းနှင့် အင်ဂျင်ပိုင်အမျိုးမျိုးဖြန့်ချိရောင်းဝယ်ရေး)သို့ အရောက်ပို့ဆောင်ပေးမည်ဖြစ်ပါသည်။

၆။ အဆိုပါအင်ဂျင်ပိုင်များကို ဦးအုန်းမောင်မှ စစ်ဆေးလက်ခံရယူပြီးနောက် အဆိုပါ Matador Lubricant များကို ပျက်စီးယိုယွင်းခြင်းကြောင့်သော်လည်းကောင်း၊ အခြားအကြောင်းတစ်စုံတစ်ရာကြောင့်သော်လည်းကောင်း၊ မည်သည့် အကြောင်းပြချက်နှင့်မျှ အဆိုပါအင်ဂျင်ပိုင်များကို ပြန်၍လဲလှယ်ပေးရန် People Origin Co., Ltd. (UMG Group of Companies Limited)သို့ တောင်းဆိုမည်မဟုတ်ကြောင်း ဦးအုန်းမောင်မှ ဝန်ခံကတိပြုပါသည်။

~~၇။ ဦးအုန်းမောင်သည် Matador Lubricant များကို နှစ်ဖက်သဘောတူသတ်မှတ်ထားသည့် တောင်ကြီးမြို့နယ် အတွင်းသာ ကုမ္ပဏီမှ သတ်မှတ်ထားသော ပူးတွဲစာရင်းတွင် ပါရှိသည့်ဈေးနှုန်းအတိုင်း ဖြန့်ဖြူးရောင်းချပေးမည်ဖြစ်ပါသည်။~~

~~အကယ်၍ ဦးအုန်းမောင်မှ နှစ်ဖက်သဘောတူသတ်မှတ်ထားသည့် တောင်ကြီးမြို့နယ်အပြင် အခြားမြို့များသို့ Matador Lubricant များကို ရောင်းချခဲ့ပါက ဖြစ်ပေါ်လာသော People Origin Co., Ltd. (UMG Group of Companies Limited)၏ နစ်နာမှုအဝဝကို ဦးအုန်းမောင်မှ တာဝန်ယူပေးလျော်ရမည်။~~

၈။ Matador Lubricant များ ရောင်းချခြင်းနှင့်ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါက မှန်ကန်မျှတမှုကို အခြေခံ၍ နှစ်ဖက်ညှိနှိုင်းဆောင်ရွက်ကြမည်။ အကယ်၍ ပြေလည်မှုမရရှိခဲ့ပါက တည်ဆဲဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက် ကြရန် နှစ်ဖက်သဘောတူညီကြပါသည်။

၉။ Matador Lubricant များကို ကိုယ်စားလှယ်အဖြစ် ဖြန့်ဖြူးရောင်းချရန် နှစ်ဖက်သဘောတူသတ်မှတ်ကာလသည် ( 20 - 6 - 2024 )ရက်နေ့မှ ( 20 - 6 - 2025 )ရက်နေ့အထိ (တစ်)နှစ်တိတိ ဖြစ်ပါသည်။

၁၀။ အကယ်၍ (တစ်)နှစ်ပြည့်မြောက်ပြီးနောက် Matador Lubricantများကို ဆက်လက်ရောင်းချလိုပါက ဦးအုန်းမောင်မှ People Origin Co., Ltd. (UMG Group of Companies Limited)သို့ စာချုပ်သက်တမ်းမပြည့်မီ (တစ်လ) ကြိုတင်၍ စာဖြင့် အကြောင်းကြားပေးမည်ဖြစ်ပါသည်။

ကုမ္ပဏီမှ သဘောတူညီပါက သီးခြား Matador Lubricant အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်ဖြစ်ပြီး၊ ကုမ္ပဏီမှ သဘောတူညီမှုမရှိပါက ကိုယ်စားလှယ်အဖြစ် ဖြန့်ဖြူးရောင်းချရန် နှစ်ဖက်သဘောတူသတ်မှတ်ကာလပြည့်မြောက်သည့် နေ့တွင် စာရင်းဇယားနှင့်ငွေကြေးကိစ္စရပ်များ အပြီးအပြတ်ရှင်းလင်းဖြေရှင်းပြီးမှသာ အရောင်းကိုယ်စားလှယ်အဖြစ် ကုန်ဆုံး ရပ်စဲပြီဖြစ်ကြောင်း သိရှိသဘောတူညီကြပါသည်။

စာမျက်နှာ - ၃ - သို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR

အခွန်တံဆိပ်ခေါင်း
REVENUE STAMP

၁၀၀ကျပ် K 100



၁၁။ အရောင်းကိုယ်စားလှယ်အဖြစ် သက်တမ်းကုန်ဆုံးသည့်နေ့တွင် ဦးအုန်းမောင် ဝယ်ယူထားသော Matador Lubricant များ၏ စာရင်းကို နှစ်ဖက်စစ်ဆေးအတည်ပြုပြီး၊ အဆိုပါစာရင်းတွင် ပါရှိသည့် Matador Lubricant တန်ဖိုးငွေများကို နှစ်ဖက်စစ်ဆေးအတည်ပြုပြီးသည့်နေ့တွင်ပင် ဦးအုန်းမောင်မှ ကုမ္ပဏီသို့ မပျက်မကွက် တစ်လုံးတစ်ခဲတည်း အပြေအကြေပေးသွင်းပါမည်ဟု ဝန်ခံကတိပြုပါသည်။

၁၂။ ဤစာချုပ်ပါစကားရပ်များကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းနှင့် စာချုပ်ဖျက်သိမ်းခြင်းတို့ကို နှစ်ဖက်သဘောတူညီချက်ဖြင့် ဆောင်ရွက်နိုင်သည်။

အထက်ပါစကားရပ်များကို ပထမတစ်ဖက် People Origin Co., Ltd. (UMG Group of Companies Limited)နှင့် ဒုတိယတစ်ဖက် ဦးအုန်းမောင်၊ "မဒီနာ" (ဆိုင်ကယ်အပိုပစ္စည်းနှင့် အင်ဂျင်ပိုင်အမျိုးမျိုးဖြန့်ချိရောင်းဝယ်ရေး)တို့သည် သေချာစွာ ဖတ်ရှု သိရှိ နားလည်သဘောပေါက်ကြပြီး၊ မိမိတို့၏ လွတ်လပ်သော ပင်ကိုယ်စိတ်ဆန္ဒများအရ သဘောတူညီကြသဖြင့် အောက်ပါအသိသက်သေ များတို့ရှေ့မှောက်တွင် ဤစာချုပ်ကို လက်မှတ်ရေးထိုးချုပ်ဆိုကြပါသည်။

| ပထမတစ်ဖက် | ဒုတိယတစ်ဖက် |
|---|---|
| (signature) | (signature) |
| People Origin Co., Ltd.<br>(UMG Group of Companies Limited) (ကိုယ်စား)<br>ဦးဇော်မင်းမြတ်(၁၂/မရက(နိုင်)၁၁၄၄၁၁) | ဦးအုန်းမောင်(၁၃/တကန(နိုင်)၁၃၈၃၇၄)<br>"မဒီနာ" (ဆိုင်ကယ်အပိုပစ္စည်းနှင့်<br>အင်ဂျင်ပိုင်အမျိုးမျိုးဖြန့်ချိရောင်းဝယ်ရေး) |

**အသိသက်သေများ**

| | | | |
|---|---|---|---|
| လက်မှတ် - | (signature) | လက်မှတ် - | (signature) |
| အမည် - | | အမည် - | |
| မှတ်ပုံတင် - | | မှတ်ပုံတင် - | |
| နေရပ် - | | နေရပ် - | |

CamScanner